# ငါးလိပ်စွန်အကြောင်းသိကောင်းစရာ


## ငါးလိပ်စွန်များ / OCEANIC MANTA RAY

MOBULA BIROSTRIS






**ငါးလိပ်စွန်များ(manta rays)သည် ပင်လယ်သမုဒ္ဒရာထဲတွင်တွေ့ရှိရသော ငါးလိပ်ကျောက်များအနက် အကြီးဆုံး သတ္တဝါများဖြစ်သည်။**
မှတ်တမ်းများအရ အကြီးဆုံးငါးလိပ်စွန်သည် တောင်ပံထိပ်မှ တောင်ပံထိပ်အထိ ၇ မီတာ အရှည်ရှိသည်။ ငါးလိပ်စွန်အမများသည် အထီးများထက် အရွယ်အစားပိုကြီးသည်။



ငါးလိပ်စွန်များကို ပင်လယ်သမုဒ္ဒရာ ကမ်းဝေးဒေသရှိ ကျွန်းများနှင့် ပင်လယ်အောက်ခြေရှိ ကျောက်ပုံများ အနီးတွင်တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံတွင် ငါးလိပ်စွန်များကို မြိတ်ကျွန်းစုရှိ နေရာအချို့တွင် တွေ့ရှိရ၍ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင်လည်း မတော်တဆဖမ်းဆီးရရှိမိသည့် အချက်အလက်များကို လေ့လာတွေ့ရှိရပါသည်။



**ငါးလိပ်စွန်တစ်ကောင်၏သက်တမ်းမှာ ပျမ်းမျှအားဖြင့် ၄၅နှစ်ရှိသည်။**
ငါးလိပ်စွန်အမတစ်ကောင်သည်၎င်း၏ ဘဝသက်တမ်း တစ်လျှောက်တွင် ငါးလိပ်စွန်သားပေါက် ၄ကောင်မှ ၇ကောင်သာလျှင် မွေးဖွားပေးနိုင်သည်။ တစ်ကြိမ်သားပေါက်လျှင် များသောအားဖြင့် တစ်ကောင်သာ သားပေါက်လေ့ရှိပြီး ကိုယ်ဝန်ဆောင်ချိန်သည် ၁၂လမှ၁၃လအထိ ကြာမြင့်သည်။




**ငါးလိပ်စွန်များသည် အစာကို စစ်ယူစားသောက်သော သတ္တဝါများ ဖြစ်သည်။**
၎င်းတို့သည် ပါးစပ်ကိုကျယ်ကျယ်ဟခြင်းဖြင့် ရေများနှင့်အတူ အကောင်မျှောလေးများနှင့် ပုစွန်ဆိတ်လေးများကို ဝင်စေပြီး ပါးစပ်အတွင်းရှိ အစာကိုစစ်ယူစားသောက်သည့် ပါးဟက်(gill rakers)များကို အသုံးပြုကာ အစာကိုစားသောက်ကြသည်။ အသက်ရှူနိုင်ရန်အတွက်လည်း ဆက်လက်ကူးခတ်ကြသည်။



**ငါးလိပ်စွန်များသည် ဉာဏ်ရည်အလွန်မြင့်မားပြီး စူးစမ်းစပ်စုလိုစိတ်ရှိသော သတ္တဝါလေးများဖြစ်ကြသည်။**
ငါးများအားလုံးထဲတွင် ခန္ဓာကိုယ် အရွယ်အစားအချိုးနှင့် နှိုင်းယှဉ်ပါက ကြီးမားသော ဦးနှောက်ပါရှိသည့်သတ္တဝါမှာ ငါးလိပ်စွန်ဖြစ်သည်ကို သင်သိပါသလား။



**ငါးလိပ်စွန်များသည် ပင်လယ်ရေနက်ပိုင်းများအထိ သွားလာနိုင်သော သတ္တဝါများဖြစ်သည်။**
၎င်းတို့သည် ရေအနက် မီတာ ၁၀၀၀ကျော်အထိ ရေငုပ်သွားလာနိုင်သည်ကို မှတ်တမ်းများအရသိရှိရပါသည်။



**ငါးများအလွန်အကျွံဖမ်းဆီးခြင်းသည် ငါးလိပ်စွန်များအတွက် အကြီးမားဆုံးခြိမ်းခြောက်အန္တရာယ်များထဲမှတစ်ခုအပါဝင်ဖြစ်သည်။**
မြန်မာနိုင်ငံတွင် ငါးလိပ်စွန်များ အား မတော်တဆဖမ်းဆီးရမိသည့် ငါးဖမ်းလုပ်ငန်းများရှိသကဲ့သို့ ၎င်းတို့ကို ပစ်မှတ်ထား ဖမ်းဆီးနေသည့် ငါးဖမ်းလုပ်ငန်းများလည်းရှိသည်။ ပြည်တွင်းတွင် ၎င်းတို့၏အသားများကို စားသုံးနိုင်ရန် အခြောက်လှမ်း၍ရောင်းချကြပြီး အစာကိုစစ်ယူစားသောက်ရာတွင်အသုံးပြုသည့်ပါးဟက် (gill rakers) များကိုလဲ ဆေးဝါးဖော်စပ်ရာတွင်အသုံးပြုရန်အတွက် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြသည်။



MYANMAR OCEAN PROJECT
HEINRICH BÖLL STIFTUNG YANGON Myanmar

# ငါးလိပ်စွန်များနှင့်တွေ့လျှင်ကျွန်ုပ်တို့မည်သို့ ပြုမူသင့်သနည်း။


မြန်မာနိုင်ငံသည် မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များနှင့်အပင်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုစာချုပ် (CITES) တွင် လက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်သော်လည်း ယခုတွင် ငါးလိပ်စွန်များနှင့် အခြားသောမျိုးသုဉ်းလုနီးပါး  ငါးလိပ်စွန် မျိုးစိတ်များဖမ်းဆီးရောင်းချခြင်းကို ရှင်းလင်းတိကျသော ဥပဒေများဖြင့်တားဆီးထားခြင်းမရှိပါ။

### ဆူညံသံကို အတတ်နိုင်ဆုံးလျှော့ချပါ။

ရေထဲသို့ခုန်ချခြင်းမပြုပဲဆင်းပါ။
တိတ်ဆိတ်ငြိမ်သက်စွာကူးခတ်ပါ။
ရုတ်တရက်ဆူညံသံသည် ငါးလိပ်စွန်များကို ကြောက်လန့်စေနိုင်ပါသည်။

### လှေစက်ကိုရပ်တန့်ခြင်း (သို့) အရှိန်လျှော့ခြင်း ပြုလုပ်ပါ။


လှေ၏ပန်ကာများကြောင့် ငါးလိပ်စွန်များ ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ရှားနိုင်ရန် သင့်စက်လှေအားရပ်ပါ။ သို့မဟုတ် အရှိန်လျှော့မောင်းပါ။



### ငြိမ်သက်၍ခပ်ကွာကွာနေပါ။

ငါးလိပ်စွန်ရှိသောနေရာနှင့် အနည်းဆုံး ၃ မီတာ အကွာတွင်နေပါ။ အကယ်၍ ငါးလိပ်စွန်သည် သင့်အနားသို့ချဉ်းကပ်ရန် ကြိုးစားလာပါက ငြိမ်ငြိမ်လေးနေ၍ သင့်အနားတွင်ကူးခတ်နိုင်ရန် နေရာပေးပါ။





### ၎င်းနောက်သို့လိုက်ခြင်းနှင့် ထိခြင်း၊ ကိုင်ခြင်း မပြုပါနှင့်။

ငါးလိပ်စွန်၏အနားသို့ ဘေးဘက်ခြမ်းမှနေ၍ ချဉ်းကပ်ပါ။ ၎င်းထွက်သွားရန် ပြုမူပါက ထွက်သွားနိုင်ရန် လမ်းကြောင်းထားပေးပါ။ အရှေ့ဘက်မှ ချဉ်းကပ်ခြင်း မပြုပါနှင့်။

### ဓါတ်ပုံရိုက်ယူခြင်း

၎င်းတို့၏ မျက်လုံးများကို တိုက်ရိုက်ထိခိုက်စေနိုင်မည့် အလင်းစူးစူးများဖြင့်ထိုးခြင်းနှင့် ဓါတ်ပုံများအလွန်အကျွံရိုက်ယူခြင်းကို ရှောင်ရှားပါ။ ငါးလိပ်စွန်၏ ဝမ်းဗိုက်ပိုင်းရှိ အစက်အပြောက်ပုံသဏ္ဍာန်သည် လက်ဗွေရာများကဲ့သို့ ၎င်းတို့သည် ထူးခြားသည်။ သုတေသီ တို့သည် ထိုအစက်အပြောက် ပုံသဏ္ဍာန်များကိုကြည့်ခြင်းအားဖြင့် ငါးလိပ်စွန်တစ်ကောင်ခြင်းစီအား ခွဲခြားသတ်မှတ်နိုင်ခြင်း၊ ၎င်းတို့၏ အကောင်အရေအတွက် နှင့်ရွှေ့လျားမှုများ ကိုလေ့လာခြင်းစသည်တို့ကိုပြုလုပ်နိုင်ပါသည်။
အကယ်၍သင်သည် ငါးလိပ်စွန်၏ ဝမ်းဗိုက်ပိုင်းရှိ အစက်အပြောက်ပုံသဏ္ဍာန်ကို ဓါတ်ပုံရိုက်ယူခဲ့ပါက သုတေသီများကို ကူညီနိုင်ရန် www.mantamatcher.org တွင်တင်ပြနိုင်ပါသည်။





# မြန်မာ့ကမ်းရိုးတန်းတွင်တွေ့ရသော ငါးဘဲလိပ် (Mobula species) မျိုးစိတ်များ

မြန်မာ့ရေပြင်၊ ငါးဒိုင်များနှင့် ဈေးများတွင် လေ့လာတွေ့ရှိရသော ငါးဘဲလိပ် မျိုးစိတ်များ (Mobula species)ကို အောက်တွင်ဖော်ပြထားပါသည်။ ငါးဘဲလိပ် (Mobula species) များကို ငါးလိပ်စွန်၊ ဘဲလိပ်၊ ဂွ၊ အူကြီး၊ လင်းပျံ၊ ငါးလိပ်ကျောက်စသည့် ဒေသအခေါ်အမျိုးမျိုးဖြင့်ခေါ်ဆိုကြသည်။ ဒေသတစ်ခုတွင် ခေါ်ဆိုသော ဒေသအခေါ် တစ်မျိုးတည်းအောက်တွင် မတူညီသောမျိုးစိတ်များ ပါဝင်ရောနှောနေသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

## Shorthorned pygmy devil ray

Mobula kuhlii

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၁၀၀စင်တီမီတာ (၃ ပေ)




မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်




## Sicklefin devil ray

Mobula tarapacana

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၂၀၀-၂၇၀ စင်တီမီတာ (၆.၆- ၈.၈ပေ)



မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်




## Bentfin devil ray

Mobula thurstoni

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၁၃၅စင်တီမီတာ (၄.၅ပေ)




မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်




## Spinetail devil ray

Mobula mobular

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၁၈၀-၂၈၀ စင်တီမီတာ (၅.၉- ၉.၂ပေ)



မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်




## Oceanic manta ray

Mobula birostris

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၄၀၀- ၅၀၀စင်တီမီတာ (၁၃- ၁၆.၅ပေ)

မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်

